နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်
(အမိန့်အမှတ် ၂/၉၂)
၁၃၅၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
(၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

ကိုယ်စားလှယ် ရွေးကောက် တင်မြှောက်ခြင်း မခံရသည့်အပြင် ဗဟိုအဖွဲ့စည်းတစ်ခုသာရှိပြီး အောက်ခြေပါတီအဖွဲ့အစည်း လုံးဝမရှိသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့်အမိန့်

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့စည်းပေါင်း ၂၃၅ ဖွဲ့အား မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အကြောင်းအမျိုးမျိုးကြောင့် အမိန့်များထုတ်ပြန်လျက် အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သည် အကြောင်းအမျိုးမျိုးကြောင့် ကြေငြာချက်များ ထုတ်ပြန်လျက် အချို့သော နိုင်ငံရေးပါတီ အဖွဲ့အစည်းများအား မူလမှတ်ပုံတင်ခွင့်ရှိခွင့်ပြုခဲ့ခြင်းများကို ပယ်ဖျက်ခဲ့ခြင်းကြောင့်လည်းကောင်း ယခုအခါ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းမှာ ၆၈ ဖွဲ့သာကျန်ရှိပါသည်။

၃။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုအနေအထားနှင့် စည်းရုံးမှုအခြေအနေများကို ပြန်လည်စိစစ်သုံးသပ်ခဲ့ပါသည်။ ယင်းသို့စိစစ်သုံးသပ်ရာတွင် မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီအဖွဲ့ အစည်း များသည် နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုချက်ရယူပြီး စည်းရုံးလှုပ်ရှားခဲ့ကြသည်မှာ သုံးနှစ်ခန့်ပင်ရှိပြီ ဖြစ်သဖြင့် ယင်းတို့၏ဖွဲ့စည်းမှုအနေအထားနှင့် စည်းရုံးမှု အခြေအနေမှာ ခိုင်မာသင့်သလောက်ခိုင်မာသည့် အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သို့ရာတွင် အချို့သောနိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ အခြေအနေမှာ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်းမခံရသည့် အပြင် ဗဟိုအဖွဲ့အစည်းတခုသာရှိပြီး အောက်ခြေပါတီအဖွဲ့အစည်းများနှင့် ပါတီဝင်အင်အားလုံးဝမရှိကြကြောင်း၊ ဗဟိုအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ကိုပင် အဖွဲ့ဝင်လေးဦး၊ ငါးဦးခန့်ဖြင့်သာ ဖွဲ့စည်းနိုင်ကြကြောင်း၊ အချို့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့များကို မိသားစုဝင်များနှင့်ရင်းနှီးသော မိတ်ဆွေများနှင့်သာ ဖွဲ့စည်းထားကြသည်ကိုတွေ့ရှိရကြောင်း၊ ကျစ်လျစ်ခိုင်မာသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော် ဆောင်ရာတွင် နိုင်ငံအကျိုးကိုရှေ့ရှုလျက် ဤကဲ့သို့သော နိုင်ငံ ရေးပါတီအဖွဲ့အစည်းများကို ဆက်လက်ရပ် တည်ခွင့် မပေးသင့်ဟု သဘောရရှိပါကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မ ရှင်က တင်ပြလာပါသည်။

၄။ သို့ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် ဗဟိုအဖွဲ့အစည်းတစ်ခုသာရှိပြီး အောက်ခြေပါတီ အဖွဲ့အစည်း လုံးဝမရှိသော အောက်ဖော်ပြပါ နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည် –

(က) တိုင်းရင်းနွယ်ဖွား ပူးပေါင်းရေးပါတီ၊
(ခ) ဒီမိုကရေစီ မြတ်နိုးသောပြည်သူများ မဟာမိတ်အဖွဲ့ကြီး (ဒ–မ–မ–ဖ)
(ဂ) ပြည်ထောင်စု ပြည်သူ့ ဘဝနှင့် ဒီမိုကရေစီပါတီ၊
(ဃ) မြန်မာနိုင်ငံဒီမိုကရက်တစ် ပြည်သူ့အင်အားအဖွဲ့ချုပ်၊
(င) အမျိုးသားငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ၊
(စ) ပြည်ထောင်စုမြန်မာနိုင်ငံညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ချုပ်(ပ–ည–ဒ–ဖ)
(ဆ) အမျိုးသားငြိမ်းချမ်းရေးပါတီ၊
(ဇ) ပြည်သူ့တောင်သူလယ်သမားသမဂ္ဂ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊

(ဈ) ပြည်သူ့ဒီမိုကရေစီပါတီ။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။